**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ဗီယင်နာမြို့**

## ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုအစိုးရ ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒနယ်များ အသိပေးကြေညာချက်

၁။ ၂၀၂၀ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ(၈) ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ပြည့်နှစ်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အလိုက်မဲဆန္ဒနယ်များကို သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၉-၆-၂၀၂၀ ရက်နေ့တွင် အောက်ပါအတိုင်း မဲဆန္ဒနယ်များသတ်မှတ်ကြေညာလိုက်ပါကြောင်း အသိပေးအပ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | **(၃၃၀) နယ်** |
| (ခ) | အမျိုးသားလွှတ်တော်မဲဆန္ဒနယ် | **(၁၆၈ )နယ်** |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | **(၆၄၄) နယ်** |
| (ဃ) | တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | **(၂၉) နယ်** |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထုတ်ပြန်ထားသည့် လွှတ်တော်မဲဆန္ဒနယ် တွင်ပါဝင်သည့် နယ်မြေစာရင်း နှင့် ရွေးကောက်ပွဲဆိုင်ရာ အခြားသိသင့်သည့် ထုတ်ပြန်ချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Facebook page နှင့် ကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm တွင် “**ရွေးကောက်ပွဲများ**”ခေါင်းစဉ်အောက်ရှိ “**အထွေထွေရွေးကောက်ပွဲများ**” မှ “**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**” ၌ အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
056
VIENNA

မြန်မာသံရုံး၊ ဗီယင်နာမြို့
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်